ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့ (26-6-2011) (၆၈၀၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ငလျင်ဒဏ်သင့် တာလေမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ယနေ့အထိ နိုင်ငံတော်က ဖြည့်ဆည်းပေးသည့် တန်ဖိုးပေါင်းသည် ကျပ်သန်းပေါင်း ၁၁၆၂ ဒသမ ၇ ထိရှိ သုံးလခန့်အချိန်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြောက်မြားစွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရ

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟဲဟိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်လိုက်ပါလျက် ဟဲဟိုးမြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး တာချီလိတ်မြို့သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြသည်။

ယင်းနောက် တာချီလိတ်လေဆိပ်ဧည့်ခန်းမဆောင်၌ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက တာချီလိတ်မြို့နယ်နှင့် တာလေမြို့တို့၌ ငလျင်လှုပ်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှု၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

အားပေးစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ တိုက်နယ်ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသော လူနာများအား အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖကန်ကျေးရွာရှိ အခြေခံပညာ မူလတန်း ကျောင်းဆောင်သစ်၌ ကျောင်းသား၊ ကျောင်းသူများကို အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

(26-6)01.pmd 1 6/26/2011, 1:05 AM

ကြေးမုံ The Mirror
၂၆ - ၆ - ၂၀၁၁
(တနင်္ဂနွေနေ့)

ပြည်သူ့ဆန္ဒသဘောထားများ ရှုမြင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဇွန် ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက **"လွှတ်တော်များက ပြုစုရေးဆွဲ ပြဋ္ဌာန်းသည့် ဥပဒေများကို အစိုးရအဖွဲ့အကြီးအကဲသမ္မတက အတည်ပြုပေးရသကဲ့သို့ ပြဋ္ဌာန်းထုတ်ပြန်ထားသော ဥပဒေများကို ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်များနှင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့နှင့် အဖွဲ့ဝင်များအားလုံး၊ ဌာနဆိုင်ရာအားလုံး၊ အသင်းအဖွဲ့များအားလုံး လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"** မှာကြားသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်ပေါ်လာရေး တည်ဆောက်ရာတွင် ဒီမိုကရေစီကျင့်စဉ်များကို စနစ်တကျ မှန်မှန်ကန်ကန်၊ စည်းကမ်းရှိရှိ ဆောင်ရွက်နိုင်ရေးသည် လက်ငင်းလိုအပ်ချက်ဖြစ်သည်။ အနာဂတ်အတွက်လည်း အရေးကြီးသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးရှိ ပြည်သူများ၏အသံ၊ ပြည်သူများ၏ဆန္ဒသဘောထားများကို မြင်အောင်ကြည့်၊ ကြားအောင်နားထောင်ကြရပေမည်။ ထိုမှ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများထံ တင်ပြခြင်း၊ သက်ဆိုင်ရာနယ်မြေဒေသအတွင်းရှိ ဌာနဆိုင်ရာများအား အကြောင်းကြားညှိနှိုင်းခြင်းများပြုလုပ်ကြမည်ဖြစ်သည်။

လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်အတွက် ပြည်သူများ၏ အာဏာအုပ်စိုးမှုသည် လွှတ်တော်မှာရှိနေပေသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏တာဝန်၊ လုပ်ပိုင်ခွင့်၊ အခွင့်အရေး၊ ရပိုင်ခွင့်များကို မှန်ကန်ထိရောက်စွာ ကျင့်သုံးကြရန်လိုအပ်မည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသော အကြောင်းများပေါ်ပေါက်ရန် အလားအလာများရှိပါက ကြိုတင်ဖြေရှင်းခြင်း၊ ပေါ်ပေါက်လာပါက မဖြစ်မနေပါဝင်ဖြေရှင်းခြင်းများကို ပြည်သူ့ကိုယ်စားလှယ်များကြိုးပမ်း ဆောင်ရွက်ကြရပေမည်။

ပြည်သူများသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည်။ လေးစားတန်ဖိုးထားသည်။ ငြိမ်းချမ်းရေးကိုတည်ဆောက်လိုကြသည်။ ငြိမ်းချမ်းရေးအတွက်၊ ငြိမ်းအေးရေးအတွက် တရားရှိရန်လိုသည်။ တရားသိရန်လည်း လိုအပ်သည်။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော လွှတ်တော်များသည်လည်း ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထား၍ ငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်ကြမည်ဖြစ်သည်။

ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများ ထားရှိခြင်းမရှိဘဲ ပြည်သူ့အကျိုးစီးပွား အလေးထားကြရပေမည်။ နိုင်ငံ့အကျိုးစီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားအတွက် ဦးတည်ကြိုးပမ်းကြရပေမည်။ ပြည်သူကိုတကယ်ချစ်သော၊ တိုင်းပြည်ကို တကယ်ချစ်ရာရောက်သော လုပ်ဆောင်မှုများနှင့်အတူ တာဝန်သိသိ၊ တာဝန်ရှိရှိ ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် ပြည်သူတို့၏ မျှော်လင့်ချက်များ ပြည့်ဝအောင် စွမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ဓမ္မစေတီလမ်း ယုဇနတာဝါနေ မိခင်ကြီး ဒေါ်စန်းရီအားအမှူးထား၍ ဒေါက်တာ ဒေါ်ခင်ခင်ရီနှင့် ရှိုင်းဟုပ်ကုမ္ပဏီ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေးဘယ်လ်(ငြိမ်း)နှင့် အဖွဲ့ဝင်များ လက်ခံယူစဉ်။ (ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်း၏ ဒုတိယနှစ်အဖြစ် အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၅

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အထိမ်းအမှတ် အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကျင်းပနေမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် တစ်နိုင်ငံလုံးမှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအပါအဝင် ဓာတုဗေဒပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မြစ်ကြီးနား၊ ကျိုင်းတုံ၊ တောင်ကြီးနှင့် လားရှိုးမြို့များတွင် မီးရှို့ဖျက်ဆီးပွဲများကျင်းပနေမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူနှင့် ဆက်စပ်နီးနွယ်သည့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေပြီး စီးပွားရေး၊ လူမှုရေးများ ဆုံးရှုံးနစ်နာစေသည်သာမက ဂုဏ်သိက္ခာပါ ညှိုးနွမ်းပျက်သုဉ်းစေပါသည်။ အဆိုပါ မူးယစ်ဆေးဝါးများကို တရားမဝင်ရောင်းဝယ်ဖောက်ကားနေသူများမှာလည်း မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးတည်၍ နိုင်ငံအတွင်း သယ်ဆောင်ဖြန့်ဖြူးမှုများသာမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာဈေးကွက်များသို့ပါ တင်ပို့ရောင်းချလျက်ရှိသဖြင့် ထိရောက်သော တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများက အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ရောက်ရှိသုံးစွဲနေကြရာ မျိုးဆက်သစ်များအတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူ၊ ထုတ်လုပ်သူနှင့် ဖြန့်ချိရောင်းဝယ်သူတို့အကြား ကြီးမားသောပြဿနာတစ်ရပ် ဖြစ်ပေါ်ဆက်စပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကာလသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာ ယခုနှစ်မှာ တတိယ(၅)နှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ခရီးရောက်အောင်မြင်မှု ရရှိနေပါသည်။ ဘိန်းစိုက်ပျိုးလျက်ရှိသော ဒေသများအတွင်း ဘိန်းခင်းများဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ အဆင့်နိမ့်ဘိန်း၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဓာတုဗေဒပစ္စည်းမျိုးစုံတို့အား ဖမ်းဆီးရမိခဲ့ရာ အမှုပေါင်း ၂၆၃၀ မှုမှ ပြစ်မှုကျူးလွန်သူတရားခံ ၃၄၆၅ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ၂၀၁၀ ခုနှစ်တစ်နှစ်လုံး ဆေးဝါးကုသရန် မှတ်ပုံတင်ထားရှိသူဦးရေပေါင်း ၁၄၂၇ ဦး ရှိခဲ့ပါသည်။ ဆေးစွဲလူငယ်ပေါင်း ၁၂၈ ဦးအား မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ လူငယ်ပြုစုပျိုးထောင်ရေးဌာနများမှ ဆေးဖြတ်ကုသခြင်းအပါအဝင် ဘက်စုံပြုပြင် ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ ဦးတည်ချက်ဆောင်ပုဒ်မှာ **"ကျန်းမာပျော်ရွှင်နေနိုင်ဖို့၊ မူးယစ်ဆေးဆို ရှောင်ကြစို့" " THINK HEALTH not drugs "** ဟူ၍ ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်၏ရည်ရွယ်ချက်မှာ " မူးယစ်ဆေးဝါးသည် လူထုတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝတိုးတက်ရေးနှင့် အသိဉာဏ်ဗဟုသုတတို့ကို ပျက်စီးစေရုံမျှမက ဆင်းရဲမှုအပေါင်းကို ဖြစ်စေ၍ လူထုအင်အားဖြင့် ရှောင်ရှားတိုက်ဖျက်ကြရန်" ဟု ဖော်ညွှန်းပါသည်။

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းနေကြသည့်တိုင် မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် လူသားများကို အန္တရာယ်ပြု ခြိမ်းခြောက်နေဆဲဖြစ်ပါသည်။ နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် " တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး" အဟန့်အတားဖြစ်သည့် မူးယစ်ဆေးဝါးကို အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်း တိုက်ဖျက်သွားကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဇမ္ဗူသီရိမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုး ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

နေပြည်တော် ဇွန် ၂၅

နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရွှေကြာပင်ရပ်ကွက်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများ စုစုပေါင်း အင်အား ၅၀၀ ခန့်က ကျွန်း၊ကံ့ကော်၊ခရေ၊ မဟော်ဂနီ၊ စိန်ပန်းကြီး၊စိန်ပန်းပု၊ သင်းဝင်၊အင်ကြင်း၊ မဟာလှေကား၊ နွယ်သာကီ၊ခရာဝါ၊ သရက်၊ ပိန္နဲ၊ အုန်းပင် စုစုပေါင်း ၆၁၉၄ ပင်ကို စိုက်ပျိုးပေးခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် နံနက် ၉ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (လမ်း/တံတား) ဌာနက ဆောင်ရွက်လျက်ရှိသော ပြန်ကပြေးကျေးရွာအဝင်လမ်းအား လမ်းအကျယ် ၁၈ ပေ၊ လမ်းအရှည်ပေ ၃၀၀၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၉၀၀	၀. ၀၃၂၅၈
တရုတ် (ယွမ်)	၆. ၄၇၅၀၀	၀. ၁၅၄၄၄
အိန္ဒိယ (ရူပီး)	၄၄. ၉၉၀၀	၀. ၀၂၂၂၃
မလေးရှား (ရင်းဂစ်)	၃. ၀၄၀၅၀	၀. ၃၂၈၈၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၈၇၀	၀. ၈၀၇၃၀
ဂျပန် (ယန်း)	၈၀. ၄၀၀၀	၀. ၀၁၂၄၄
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၈၀	၀. ၀၀၀၉၃
ယူရို	၀. ၇၀၄၉၀	၁. ၄၁၈၆၄
ဗြိတိသျှ (ပေါင်)	၀. ၆၂၆၆၄	၁. ၅၉၅၈၀

အင်တာနက်။

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံဖွင့်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)၏ ဓမ္မာရုံ ရေစက်ချဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နောဓမ္မာရုံ၌ ဇူလိုင် ၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၉၆၉၉၆၀၂၊ ၀၁-၅၃၉၇၃၈၊ ၀၁-၆၄၇၁၆၃၊ ၀၉-၇၃၁၄၀၉၅၉၊ ၀၉-၅၁၅၅၉၀၇၊ ၀၉-၇၃၀၀၉၈၆၀နှင့် အမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.B.V. Gryzlov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးသန်းမြင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးညွန့်တင်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးနေဝင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၅

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဆပ်ကော်မတီများမှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းမှ အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆပ်ကော်မတီများက ကော်မတီအလိုက်လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်နေဆဲအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက အထူးရောင်းချပွဲတွင် ပါဝင်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မကြာမီ ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ဆပ်ကော်မတီအသီးသီးက အမြန်ဆုံး ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် အထူးရောင်းချပွဲ ကျင်းပနေစဉ် ကာလတွင်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြည့်စုံအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၈။ အကပြိုင်ပွဲ
- ၈း၂၀ ၉။ "မင်းမသိသေးပါဘူးကွာ"
- ၈း၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၅၄)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "ထိချက်မှန်သောမြားတစ်စင်း" (ထွန်းထွန်း၊ ဇော်ဝမ်း၊ နဝရတ်) (ဒါရိုက်တာ-မျိုးအေး)**
- ၁း၅၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၂း၀၀ ၈။ ဘူမိအပူသုံးစွမ်းအင်များ (အပိုင်း-၂)
- ၂း၁၅ ၉။ အတီးပြိုင်ပွဲ
- ၂း၅၀ ၁၀။ International News
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ "မြေဆီစိုခိုက်သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့"
- ၅း၀၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅း၁၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၂၄)**
- ၆း၄၀ ၁၃။ တစ်မျက်နှာ၊ တစ်ကွက်စာ "သူခိုးပါတော့" (ကောင်းပြည့်၊ ထွန်းလင်း၊ နှင်းစုခိုင်ဦး) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၂၂)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၂၆)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁၈)**
- ၂၀။ အစီအစဉ်ပြီး၏။

ရခိုင်သဟာယအသင်း (ရန်ကုန်) ရွှေရတုအထိမ်းအမှတ်ပွဲတော် ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ဇူလိုင် ၉ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ အသင်းသူ၊ အသင်းသားများ၊ ပညာထူးချွန်ဆု/ပညာသင်ဆုရ လက်ရှိကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ရွှေရတုအထိမ်းအမှတ် ပန်းချီ၊ ဓာတ်ပုံ၊ စာအုပ်စာတမ်းများပြသပွဲကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှု ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျေးလက်ရေပေးရေး ဆောင်ရွက်

ကော့ကရိတ် ဇွန် ၂၅

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ခုနှစ် ပထမ သုံးလပတ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းကို ကော့အင်းရှည်၊ နောင်အင်၊ နောင်ကုန်း၊ နောင်တမံ အပါအဝင် ကျေးရွာ ၁၅ ရွာအား တုံကင်တွင်း ၁၅ တွင်းကို တူးဖော်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တုံကင်တွင်း ၁၅ တွင်း ပြီးစီးမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

ရန်ကုန် ဇွန် ၂၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်အဖြစ် နိုင်ငံတော်သမ္မတက ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အထောက်အကူပြုကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းစဉ်(၈)ရပ် ချမှတ်တာဝန်ပေးခဲ့ကြောင်း၊ ထိုကဏ္ဍ(၈)ရပ်အနက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် သမဝါယမ အခြေခံမူများ၊ သမဝါယမ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန် ဒီဂရီကောလိပ်တစ်ခု၊ ကောလိပ်လေးခုနှင့် သင်တန်းကျောင်း ၂၁ ကျောင်း စုစုပေါင်း ၂၆ ကျောင်းဖြင့် လေ့ကျင့်ပညာပေးလျက်ရှိကြောင်း၊ ထိုသို့ လေ့ကျင့်ပေးလိုက်သော လူငယ်မောင်မယ်များအနေဖြင့် သမဝါယမလုပ်ငန်းများကို အောက်ခြေမှ အစုအဖွဲ့ငယ်များ စုဖွဲ့ကာ သမဝါယမကဏ္ဍ လူထုကြားသို့ပျံ့နှံ့သွားစေရေးဆောင်ရွက်ရန် အရေးကြီးကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဇွန် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရန်ကုန်သမဝါယမဒီဂရီကောလိပ် ဥတ္တရဆောင် စုဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းမ၊ အဆောက်အအုံများ၊ လမ်းများ၊ ဂျီအီးစီ(ပညာရေး) အရောင်းဆိုင်နှင့် သက်သာချောင်ချိရေးဆိုင်များ၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေး ပြုပြင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သန်လျင်မြို့နယ် ရန်ကုန်သမဝါယမဒီဂရီကောလိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ-၂၀၁၁ ကို ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ မြန်မာနိုင်ငံ ပုံနှိပ်သူများနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် Universal Link Service Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ -၂၀၁၁ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ -၂၀၁၁ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ မြန်မာနိုင်ငံ ပုံနှိပ်သူများနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် Universal Link Service Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးဦးတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခန်းမအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါပြပွဲကို မြန်မာပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးနယ်ပယ်နှင့် မြန်မာ့မီဒီယာကဏ္ဍကို ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်၊ မြန်မာ့မီဒီယာကဏ္ဍအတွင်းရှိ ဆက်စပ်လုပ်ငန်းများအကြား ပေါင်းကူးဆက်သွယ်ချိတ်ဆက်ပေးရန်၊ တက်သစ်စ ကလောင်သစ်များ၊ အသစ်ထုတ်ဝေသည့်စာပေများ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ ထုတ်လွှင့်လျက်ရှိသော ရုပ်သံ/ရေဒီယိုလိုင်းများနှင့် အများပြည်သူများအကြား ရင်းနှီးကျွမ်းဝင်မှုရှိစေရေး မိတ်ဆက် ထိတွေ့ပေးရန်နှင့် မြန်မာ့မီဒီယာကဏ္ဍကို ပံ့ပိုးပေးနေသော ဆက်စပ်လုပ်ငန်းများဖြစ်သည့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ဖြန့်ချိရေးလုပ်ငန်းများ၊ စာအုပ်တိုက်များ၊ ဒီဇိုင်းလုပ်ငန်းများ၊ ကြော်ငြာအေဂျင်စီများ စသည်တို့အား တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာသိရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် ကုမ္ပဏီ ၄၅ ခုက ပြခန်းပေါင်း ၁၁၀ ခင်းကျင်းပြသထားသည်။(သတင်းစဉ်)

ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ ဖွင့်ပွဲ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်သည် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည့် (World Summer Game Special Olympics 2011 Athens) ဖွင့်ပွဲသို့ တက်ရောက်ရန်နှင့် မြန်မာဉာဏ်ရည်မမီ အားကစားအဖွဲ့ခေါင်းဆောင် တာဝန်ယူရန် ဇွန် ၂၄ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အေသင်မြို့သို့ ထွက်ခွာသွားသည်။ **(ယာပုံ)**

ဒုတိယအဖွဲ့ခေါင်းဆောင် ဦးပီတာနှင့် အားကစားအဖွဲ့ဝင် ၁၇ ဦးတို့သည် ဇွန် ၁၉ ရက်တွင် ကြိုတင်ထွက်ခွာသွားပြီး ဇွန် ၂၅ ရက်မှ ဇူလိုင် ၄ ရက်အထိ ဂရိနိုင်ငံ အေသင်မြို့၌ ပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်တွင် ဆေးရုံကို ပုံးခွဲတိုက်ခိုက်၊ လူ ၆၀ သေဆုံး

ကဘူး ဇွန် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ လိုဂါပြည်နယ်တွင် ဆေးရုံတစ်ရုံကို ပစ်မှတ်ထား၍ အသေခံ ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၆၀ သေဆုံးပြီး ၁၂၀ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ကြေကွဲဖွယ်ရာတိုက်ခိုက်မှု၌ ကလေးများ၊ အမျိုးသမီးများ၊ လူငယ်များ အပါအဝင် ပြည်သူ ၆၀ သေဆုံးကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအပါအဝင် ၁၂၀ ဒဏ်ရာရရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

မြို့တော်ကဘူး၏ အရှေ့ဘက် ၂၄ မိုင်ခန့်အကွာ လိုဂါ ပြည်နယ် အဇာရိုခရိုင်၌ စနေနေ့တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်းများ အပြည့်တင်ဆောင်လာသည့် ကားတစ်စီးကို အသေခံဖောက်ခွဲရေးသမားတစ်ဦးက မောင်းယူလာပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ထိုတိုက်ခိုက်မှုသည် ၎င်းတို့၏ လုပ်ဆောင်မှုမဟုတ်ကြောင်း တာလီဘန်တို့က ငြင်းဆိုသည်။

ဤသို့ ဆေးရုံကို တိုက်ခိုက်ခြင်းအား ၎င်းတို့အနေဖြင့် ပြင်းထန်စွာ ရှုတ်ချကြောင်း၊ ၎င်းတို့အား နာမည်ပျက်စေရန်အတွက် တစ်စုံတစ်ဦးက ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ပြောသည်။

အင်တာနက်။

၂၀၁၂ ခုနှစ်၌ အာဖဂန်နစ္စတန်မှ စပိန်တပ်ဖွဲ့ ရုပ်သိမ်းမည်

မက်ဒရစ် ဇွန် ၂၅

အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော စပိန်တပ်ဖွဲ့ဝင်များကို လာမည့်နှစ်တွင် စတင်ရုပ်သိမ်းမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းပြီးစီးမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျို့(စ်)လူးဝစ် ရိုထရီဂွက်(ဇ်) ဇာပါထရို က ဇွန် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် နှစ်ဝက်ခန့်တွင် တပ်ဖွဲ့ဝင်စုစုပေါင်း၏ ၄၀ရာခိုင်နှုန်းသည် မိခင်နိုင်ငံသို့ ပြန်ရောက်ကြမည်ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက အမေရိကန်တပ်ဖွဲ့ဝင် ၃၃၀၀၀ ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလအကုန်၌ ရုပ်သိမ်းမည့် အစီအစဉ်ကို ကြေညာပြီးသည့်နောက် စပိန်ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်တွင် အမေရိကန် ဦးဆောင်သော နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၅၀၀၀၀ ခန့် ရှိသည့်အနက် ၁၀၀၀၀၀ မှာ အမေရိကန်တို့ ဖြစ်ကြသည်။

စပိန်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၅၀၀ စေလွှတ်ထားရှိခဲ့ပြီး အများစုမှာ အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးခြင်းတွင် တာဝန်ထမ်းဆောင်ကြသည်။

အင်တာနက်။

ငါးနှစ်ကြာ ဖမ်းဆီးခံထားရသော အစ္စရေးစစ်သားကို ပြန်လွှတ်ပေးရန် တောင်းဆို

ဝါရှင်တန် ဇွန် ၂၅

လွန်ခဲ့သည့်ငါးနှစ်က ပါလက်စတိုင်း ဟားမားစ်အဖွဲ့က ပြန်ပေးဆွဲကာ ဖမ်းဆီးထိန်းသိမ်းထားခဲ့သော အစ္စရေးစစ်သားတစ်ဦးကို ချက်ချင်းပြန်လည်လွှတ်ပေးရန် အမေရိကန်အစိုးရက တောင်းဆိုလိုက်ကြောင်း အိမ်ဖြူတော်က ဇွန် ၂၄ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဟားမားစ်အဖွဲ့မှ စစ်သွေးကြွများသည် လွန်ခဲ့သည့် ငါးနှစ်က နယ်စပ်ဒေသအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ကာ အစ္စရေးစစ်သား ဇီလတ်ရှာလစ်ကို ပြန်ပေးဆွဲကာ ဖမ်းဆီးခေါ်ဆောင်သွားသည်။ အဆိုပါ အစ္စရေးစစ်သားသည် ဂါဇာကမ်းမြောင်ဒေသအရှေ့တောင်ပိုင်းရှိ အစ္စရေးကြည်းတပ်စခန်းတစ်ခုမှ ဖြစ်သည်။

ဟားမားစ်အဖွဲ့သည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများကို ချိုးဖောက်လျက်ရှိရာ နိုင်ငံတကာကြက်ခြေနီအဖွဲ့က ရှာလစ်အား တွေ့ဆုံခွင့်မရကြောင်း အဆိုပါကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အစ္စရေးစစ်သားအား ပြန်လည်လွှတ်ပေးရေးအတွက် ဟားမားစ်အဖွဲ့အပေါ် ဝိုင်းဝန်းတိုက်တွန်းပေးကြရန် နိုင်ငံတကာ အစိုးရအဖွဲ့များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို အမေရိကန်အစိုးရက တိုက်တွန်းကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဆင်ဟွာ။

ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ အောက်နတ်ချောင်းတံတား ဖွင့်ပွဲကျင်းပ

ဒေသခံပြည်သူများ ယခင်ကကဲ့သို့ ရေလမ်းကို အသုံးပြုရန်မလိုတော့ဘဲ အချိန်မရွေး ကုန်းလမ်းဖြင့် သွားလာနိုင်

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့ အောက်နတ်ချောင်း တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာ လမ်းပေါ်ရှိ အောက်နတ်ချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ဤတံတားကြီးအပါအဝင် ဤလမ်းပေါ်၌ စုစုပေါင်းတံတား ၁၆ စင်းရှိပြီး တည်ဆောက်ဆဲတံတား ငါးစင်းရှိကြောင်း၊ တံတားများအားလုံးပြီးစီးပါက ဘိုကလေးမှ အမာသို့ တောက်လျှောက်သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်က ဘိုကလေးမှ အမာသို့ သွားမည်ဆိုလျှင် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းမှတစ်ဆင့်သွားရပြီး ယခု ဤလမ်းကသွားလျှင် ခရီးမိုင် ၃၂ မိုင် ၅ဖာလုံတိုတောင်းသွားမည်ဖြစ်ကြောင်း။

ဤတံတားကြီး မတည်ဆောက်ခင်က အောက်နတ်ချောင်းကို ဖြတ်ကူးနိုင်ရေးအတွက် ပင်လယ်ဒီရေတက်ချိန်၊ ကျချိန်ကို စောင့်ဆိုင်းသွားလာနေရသည့်အတွက် အချိန်ကြန့်ကြာပြီး အန္တရာယ်ရှိကာ အချိန်မရွေးအသုံးပြု၍ မရခဲ့ကြောင်း၊ ယခုဆိုလျှင် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်၌ အောက်နတ်ချောင်းတံတားတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ဤလမ်းတစ်လျှောက် နေထိုင်သွားလာနေကြသည့် ဒေသခံပြည်သူများသည် ယခင်ကကဲ့သို့ ရေလမ်းကို အသုံးပြုရန်မလိုတော့ဘဲ အချိန်မရွေး ကုန်းလမ်းဖြင့်သွားလာနိုင်ပြီး သဘာဝဘေးအန္တရာယ် ကျရောက်ပါကလည်း အချိန်တိုအတွင်း ဘေးကင်းရာသို့ ဤတံတားကြီးကို အသုံးပြုပြီးရွှေ့ပြောင်းနိုင်တော့မည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီး လမ်းကွန်ရက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍လည်းမိမိလိုရာခရီးကို လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူများ၏လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဖိဖိစီးစီး အားထုတ်တည်ဆောက်လျက်ရှိရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ၁၉၈၈ ခုနှစ်မတိုင်မီကထက် ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်း စုစုပေါင်း ၉၈၄၃ မိုင် ၆ ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၁၉၈၈ ခုနှစ် မတိုင်မီက ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်း စုစုပေါင်း လမ်းအရှည်မိုင် ၄၄၀ မိုင်ရှိခဲ့ရာမှ ယခု စုစုပေါင်း (၁၅၇၅/၇) မိုင် ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၌ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်ရှိသည့်အနက် မြို့နယ် ၂၅ မြို့နယ်တို့သည် လမ်းကွန်ရက်ပမာသွားလာနိုင်ပြီး ဖောက်လုပ်ဆဲဖြစ်သော ပုသိမ်-ငပုတောလမ်း ၂၀ မိုင်ပြီးသွားလျှင် မကြာမီ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး၏ မြို့နယ်ချင်းဆက်လမ်းအားလုံး ကုန်းလမ်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်က ဧရာဝတီတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားတည်ဆောက်ပေးခဲ့သည့် လမ်းတံတားများကို ရေရှည်တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းပေးကြပါ၊ ယခုကဲ့သို့ နိုင်ငံတော်က ဤနယ်မြေအတွက် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကိုအကျိုးပြုမည့် လမ်းများ၊ တံတားများအား အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးခဲ့သကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိပိုင်လမ်းတံတားကဲ့သို့ သဘောထားပြီး မပျက်မစီးဘဲ ရေရှည်အသုံးပြုသွားနိုင်အောင်ကူညီထိန်းသိမ်းပေးကြပါ၊ ထို့အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တံတားစည်းကမ်းများအတိုင်းမောင်းနှင်အသုံးပြုပြီး ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု ပြောကြားသွားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ဖြင့် ဆက်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဤလုပ်ငန်းများ မြန်မြန်ပြီးမြောက်စေပြီး ပြည်သူလူထုအနေဖြင့် မြန်မြန်အကျိုးခံစားရစေလိုသည့် မွန်မြတ်သောရည်မှန်းချက်ထားရှိပါကြောင်းဖြင့် ပြောကြားသည်။

အောက်နတ်ချောင်းတံတား အမျိုးအစားမှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်၊ အပေါ်ထည်ကို နှစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည် ၄၆၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေခွဲရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ(ယာဉ်+ကုန်) ၁၃ တန် ဖြစ်သည်။

ယခုဖွင့်လှစ်သည့် အောက်နတ်ချောင်းတံတားမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ဆောင်ရွက်ပြီးစီးသဖြင့် တံတားအမှတ်စဉ်(၃)အဖြစ် ဖွင့်လှစ်လိုက်သောတံတားဖြစ်ပြီး ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ရေထွက်ပစ္စည်းနှင့်ဆန်စပါးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာပြည်အရှေ့မှအနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာသယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌လည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

ကျန်းမာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄) အဆိုပါဝန်ကြီးဌာန ရုံးမျက်နှာစာနှင့် ရုံးပတ်ဝန်းကျင်တို့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ အထိမ်းအမှတ်အပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ရုံးအမှတ်(၄၇) ကျန်းမာရေးဝန်ကြီးဌာနရုံးသို့သွားရောက်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြပြီး ရုံးပတ်ဝန်းကျင်နှင့် ရုံးမျက်နှာစာတို့၌ ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ စွယ်တော်၊ မဟော်ဂနီ၊ မန်ကျည်း၊ ပိတောက်၊ စိန်တလုံးသရက်၊ အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် သီးပင်စားပင် စုစုပေါင်း ၁၅၅၀ ကို စိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို ကျန်းမာရေးဝန်ကြီးဌာန လျှို့ဝှက်ဆည်အမှတ်(၁)၊ (၂)နှင့် (၃)တို့၌ ကျင်းပရာ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ မြက်စားငါးကြင်း၊ တီလားပီးယားနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၁၁၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ (သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကျန်းမာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဘုတလင်မြို့နယ် သမဝါယမအသင်းစု စည်းဝေး

နေပြည်တော် ဇွန် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် သမဝါယမအသင်း ၁၁ သင်းမှ ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းနှင့် ဝင်ငွေခွန် ၃၅၇၃၉၃ ကျပ်ကို သမဝါယမအသင်းများကိုယ်စား မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးချစ်သန်းက မြို့နယ်အခွန်ဦးစီးမှူး ဦးမြင့်ဝေထံ စုပေါင်းပေးအပ်သည်။

ထို့နောက် မြို့နယ်အတွင်းရှိ မြို့နယ်သမဝါယမအသင်းစုအပါအဝင် သမဝါယမအသင်းပေါင်း ၈၂ သင်းမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ကြေးငွေ ၁၂၇၈၉၅၅ ကျပ်ကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှမောင်က စုပေါင်းပေးအပ်ရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က လက်ခံရယူသည်။ (မြို့နယ်ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီနှင့် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်တို့ထံ ဂါရဝပန်းခြင်း ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့
ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော "မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ" ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ ပြပွဲတွင် ရုပ်ရှင်၊ သဘင်နှင့် ဂီတအနုပညာရှင်များ၊ Talent & Models Agency မှ မော်ဒယ်များနှင့် ကာယအလှမယ်များက သုံးရာသီ Fashion Show နှင့် ဆံကေသာအလှပြသခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ သမီးပျိုများ၏ ပုဂံယိမ်းအက၊ ကောက်စိုက်ယိမ်းနှင့် ဆီမီးခွက်အက၊ တေးသံရှင် မေဖြူဖြူက "စေတနာဥယျာဉ်" သီချင်းသီဆို၍ ယဉ်ကျေးမှုဝန်ကြီးဌာန သမီးပျိုများက ပုသိမ်ထီးအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အထက (၂) စမ်းချောင်းမှ ကျောင်းသူလေးများ၏ လက်ပံပွင့်ကောက်ယိမ်းအက၊ သုံးရာသီအလှ တစ်ခန်းရပ်ပြဇာတ်၊ Five Stars အဖွဲ့က ဟာသဖျော်ဖြေခြင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီနှင့် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်တို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးထံ ပေးအပ်သည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်

နေပြည်တော် ဇွန် ၂၅

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အာဇာနည်လမ်း တိုင်းဒေသကြီး စည်ပင်သာယာရေးရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ပညာအလင်းစာကြည့်တိုက် သုံးခွ၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၅၈ ခုမြောက် စာကြည့်တိုက်အဖြစ် ကတုံးပေါ်အလယ်ကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** (မြို့နယ် ပြန်/ဆက်)

မိုးဆမ်းပန်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တွံတေးမြို့နယ် တကလှဲကျေးရွာအုပ်စု ကန်ပါတ်ရိုးကျေးရွာ မိုးဆမ်းပန်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၈ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလှိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီညီဇော်နှင့် တကလှဲကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက် လျက်ရှိရာ စေတနာရှင်အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ (ဒုတိယတွဲ)နှင့် ပြည်ဒေသရှိ သမိုင်းဝင်စေတီပုထိုးများ မှတ်တမ်းစာအုပ်များ ထုတ်ဝေဖြန့်ချိ

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ(ဒုတိယတွဲ)နှင့် ပြည်ဒေသရှိ သမိုင်းဝင်စေတီပုထိုးများ မှတ်တမ်းတို့ကို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ(ဒုတိယတွဲ)စာအုပ်သည် ရှေးဟောင်းသုတေသနဌာနက ၁၉၀၆ ခုနှစ်မှ ၁၉၂၀ခုနှစ်အတွင်း ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများကို ရိုက်ကူးမှတ်တမ်းတင်ထားသော ရှေးဟောင်းဓာတ်ပုံများကို ရိုက်နှိပ်ဖော်ပြထားခြင်း ဖြစ်သည်။

ပြည်ဒေသရှိ သမိုင်းဝင်စေတီပုထိုး များ မှတ်တမ်းစာအုပ်သည် မြန်မာ့သမိုင်းတွင် ထူးခြားစွာပေါ်ထွန်းခဲ့သော သရေခေတ္တရာ ပျူမြို့ပြနိုင်ငံခေတ်လက်ရာ စေတီပုထိုးဂူဘုရားများ၏ ဗိသုကာလက်ရာများ၊ ကြီးမားခန့်ထည် လှသည့်စေတီများ၊ မုခ်ပေါင်းကူးအားပြု အခြေခံ ဂူဘုရားများအပြင် ခေတ်အဆက်ဆက် စေတီပုထိုးများအကြောင်း မှတ်တမ်းပြုစုဖော်ပြထားခြင်း ဖြစ်သည်။

၎င်းစာအုပ်များကို ရန်ကုန်၊ မန္တလေး၊ ပုဂံအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ ပြတိုက်နှင့် စာကြည့်တိုက်များ၌ လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ဖုန်း-၀၆၇-၄၀၈၀၂၆၊ ၀၆၇-၄၀၈၀၄၀ သို့လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

စိတ်တွက်သင်္ချာစာအုပ်ထွက်ရှိ

မောင်မြင့်ကြွယ် [B.Sc,B.L,D.M.A] ဘာသာပြန်သည့် စိတ်တွက်သင်္ချာ စာအုပ် မဇ္ဈိမစာပေမှ ပွဲဦးထွက်စာအုပ်အဖြစ် ထွက်ရှိလာသည်။ ၎င်းစာအုပ်တွင် အခြေခံမြှောက်နည်း၊ လျင်မြန်စွာမြှောက်နည်း၊ လက်နှစ်ချောင်းနှင့် မြှောက်နည်း၊ မြန်အောင်စားနည်း၊ နှစ်ထပ်ကိန်းရင်းရှာနည်း စသည့် အခန်းများဖြင့် ပါဝင်သည်။ စာအုပ်ပါ အကြောင်းအရာများသည် သင်္ချာစွမ်းရည် မြင့်မားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုပြီး သင်္ချာစွမ်းရည်ထူးချွန်ထက်မြက်လိုသော ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ လေ့လာသင့်သော စာအုပ်ဖြစ်သည်။ အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေတိုက်မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပညာဘဏ်တိုက် စာကြည့်တိုက်

အမှာစကားပြောကြား

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၅

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း အမှုထမ်းများ၊ ကျောင်းသားမိဘများ၊ ဝန်ထမ်းသားသမီး ဆုရကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူပေါင်း ၄၆၉၈၅၂ ဦး ရှိပြီး အောင်မြင်သူ ၁၆၅၀၀၇ ဦး ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အလိုက် အောင်ချက် ရာခိုင်နှုန်းကြည့်လျှင် မွန်ပြည်နယ်က ၄၃ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ချင်းပြည်နယ်က ၁၃ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ တစ်ပြည်လုံး၏ ပျမ်းမျှအောင်မြင်မှုသည် ၃၅ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်ကြောင်း။

ဂုဏ်ထူးရှင်များမှာ တစ်နိုင်ငံလုံးအနေဖြင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၆၃၆၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၅၁၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၉၆၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၀၃၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃၃၈ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၃၉၈ ဦး ဖြစ်ကြောင်း။

ဘာသာရပ်အလိုက် ဂုဏ်ထူးရှင်များမှာ မြန်မာစာ ၂၁၃၀၊ အင်္ဂလိပ်စာ ၁၉၅၆ ဦး၊ သင်္ချာ ၁၁၃၄၁ ဦး၊ ဓာတုဗေဒ ၈၅၁၇ဦး၊ ရူပဗေဒ ၉၄၀၇ ဦး၊ ဇီဝဗေဒ ၁၁၈၇၇ ဦး၊ ပထဝီ ၈၅၈ ဦး၊ သမိုင်း ၄၆၈ ဦးနှင့် ဘောဂဗေဒ ၈၉၄၃ ဦး ဖြစ်ကြောင်း။

ပညာရည်ချွန်ဆုရသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ အဖြစ်ဖြင့် မိသားစုအကျိုး၊ နိုင်ငံ့အကျိုး၊ လူသားအကျိုးများ ဆက်လက်သယ်ပိုးနိုင်သော သားကောင်း သမီးကောင်း၊ နိုင်ငံ့သားကောင်းရတနာများအဖြစ် ဆက်လက်ကြိုးစားသွားကြပါ၊ အခြားကျောင်းသား၊ ကျောင်းသူများအား စံနမူနာကောင်းများ ပြကြပါ၊ မိဘများကလည်း ဝန်ထမ်းကောင်းပီသစွာဖြင့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရင်း ယခုကဲ့သို့ ပညာရည်ချွန်သည့် သားသမီးများဖြစ်အောင် အားပေးခြင်း၊ ကြပ်မတ်ခြင်း၊ ပံ့ပိုးခြင်းများ ဆောင်ရွက်ကြပါဟု မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ လေးဦး၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တစ်ဦးနှင့် လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ သုံးဦးတို့အား ပညာရည်ချွန်ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးက ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ပညာရည်ချွန် ဆုနှင့် အနုပညာ စွမ်းရည် ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား၌ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပညာရည်ချွန်ဆုနှင့် အနုပညာစွမ်းရည်ထူးချွန်ဆု ချီးမြှင့်

ရန်ကုန် ဇွန် ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ပညာရည်ချွန်ဆုနှင့် အနုပညာစွမ်းရည် ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါ တက္ကသိုလ် သရဖီဆောင် အနုပညာခန်းမ(၂)၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တက်ရောက် အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦး၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုချီးမြှင့်

ဖျာပုံ ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်က ထူးချွန်ကျောင်းလေးကျောင်း၊ ငါးဘာသာဂုဏ်ထူးရကျောင်းသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးရ ကျောင်းသူနှစ်ဦးတို့အား ဆုချီးမြှင့်သည်။**(အောက်ပုံ)**

ဆက်လက်၍ အလှူရှင် ၄၁ ဦးတို့က ငွေကျပ် ၂၅၂၀၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

(၅၄၀)

သွားရောဂါများ အခမဲ့ကုသပေးခြင်း၊ အသိပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့် ဟောပြောပွဲများ သိန်းနီမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၅

မန္တလေး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခဒေါက်တာ တင်ထွန်းလှဦးဆောင်သော နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူ ၈၀ တို့သည် ဇွန် ၂၃ ရက်တွင် သိန်းနီမြို့နယ် အတွင်းရှိမြို့ပေါ်ရပ်ကွက် (၁)၊ (၂)၊ (၃)နှင့် (၄)တို့၌ သွားရောဂါများ အခမဲ့ကုသပေးခြင်း၊ အသိပညာပေးခြင်း၊ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး သွားရောဂါဆိုင်ရာ ပညာပေးဟောပြောပွဲများကို ကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ ၇၅၀ ခန့် တက်ရောက်ကြပြီး သွားရောဂါလူနာ ၂၀၀ ခန့်အား အခမဲ့ဆေးဝါးကုသပေးသည်။ ထို့အတူ ဇွန် ၂၄ ရက်တွင်လည်း သိန်းနီမြို့နယ်အတွင်းရှိ နားဆော့ကျေးရွာနှင့် မိုင်းလီကျေးရွာတို့သို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား သွားရောဂါအကြောင်း အသိပညာပေးခြင်း၊ စစ်ဆေးခြင်း၊ ကုသပေးခြင်းနှင့် ဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူ ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပဋိသမ္ဘိဒါဉာဏ်ကို လေ့လာသုံးသပ်ခြင်း" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၆း၄၀	ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင်ညီနောင် ရတနာလိုဏ်ဂူတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၄)**
၈း၅၀	ပျော်ရွှင်ကြည်နူးအေးငြိမ်းချမ်းသာ စိမ်းလဲ့တင်ညော့်ရိပ်သာ
၉း၀၅	ငြိမ်းချမ်းရေးလေပြည် ဆောင်ယူရာမှ ဖြစ်တည်လာသော ပန်းတစ်ခိုင်. . .
၉း၃၀	Sunday Talk (ဦးစောနု၊ မျိုးမြတ်သူ)
၁၀း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၅	စျေးဝယ်လမ်းညွှန်
၁၁း၁၅	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၅	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင်ဓာတုလျှော့ချ သုံးစွဲကြ. . .
၁၂း၀၀	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၁၂း၃၀	အရေပြားနှင့်ယှဉ်သော လေးဖက်နာ
၁း၀၀	"ပဋိသမ္ဘိဒါဉာဏ်ကို လေ့လာသုံးသပ်ခြင်း" တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၃၀	ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၄)**
၄း၅၅	Europen American အစားအစာများနှင့် Cafe Delight
၅း၀၀	FMF Selection
၅း၃၅	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၇)**
၇း၃၅	သွားမယ်စားမယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၉း၁၅	သက်ရှည်နုပျိုကျန်းမာရွှင်လန်း Royal ABG အစွမ်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၅)**
၁၀း၂၀	ပရီးမီးယားလိဂ်ရင်ခုန်သံ
၁၀း၄၅	အမွန်မြတ်ဆုံးလက်ဆောင်
၁၁း၀၅	အများမြင်စရာနှစ်ပါးသဘင်မဟာ
၁၁း၄၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၂း၀၅	Movies Mistakes
၁၂း၂၅	တောင်တန်းပေါ်ကစိန်တလုံး
၁၂း၃၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁၂း၅၅	ငြိမ့်ညောင်းသာယာစောင်းပညာ
၁း၁၅	အသည်းကင်ဆာရောဂါအကြောင်း သိကောင်းစရာ
၁း၄၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၂း၀၅	ကိုယ်ပိုင်ဟန်ဖက်ရှင်
၂း၂၀	Shooting Location
၂း၄၅	မြန်မာ့ရွှေချည်ထိုးပညာ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ် ထာဝစဉ်. . .
၄း၂၀	မြင်သုံးမြင်မှ ထူးခြားရှေးဟောင်းလက်ရာပစ္စည်းများ
၄း၂၅	စိတ်ချယုံကြည် Global Wave Technology
၄း၄၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၅း၀၀	အစီအစဉ်ပြီး

☆ ရွှေဖုံးမှ

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ငလျင်ဒဏ်သင့် ပြည်သူများသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပံ့ပိုးပေးမှု အခြေအနေ၊ ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများ၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် လူနေအိမ်များ ပြန်လည်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ကျာကူနီကျေးရွာကို ဒေသခံပြည်သူတို့၏ ဆန္ဒအရ နေရာသစ်သို့ ပြောင်းရွှေ့ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ၂၄-၃-၂၀၁၁ ရက်တွင် ပြင်းထန်စွာ လှုပ်ခတ်သွားသည့် ငလျင်ဒဏ်ကြောင့် မြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့ရသည့် တာလေဒေသကို ပြန်လည်ထူထောင်နိုင်ရန်အတွက် မိမိအနေဖြင့် နိုင်ငံ့ကိုယ်စား ၃-၄-၂၀၁၁ ရက်တွင် ပထမအကြိမ်လာရောက်ခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ဒုတိယအကြိမ် လိုအပ်သည်များ ထပ်မံဖြည့်ဆည်းပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ယနေ့အထိ နိုင်ငံတော်က ဖြည့်ဆည်းပေးသည့် တန်ဖိုး ပေါင်းသည် ကျပ်သန်းပေါင်း ၁၁၆၂ ဒသမ ၇ ထိရှိပြီး လုပ်ငန်းရှင်၊ စေတနာရှင် ပြည်တွင်း ပြည်ပအလှူရှင်များ၏ ငွေအား၊ ပစ္စည်းအားနှင့် ပြန်လည်တည်ဆောက်ရာတွင် သုံးလခန့် အချိန်အတောအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြောက်မြားစွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ဤသို့ ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကိုယ်တိုင် တာလေဒေသတွင်အခြေချပြီး ရှမ်းပြည်နယ်ဝန်ကြီးများ၏ အနီးကပ် ကြီးကြပ် ဆောင်ရွက်မှုနှင့် လုပ်ငန်းရှင်၊ စေတနာရှင်၊ အစိုးရဝန်ထမ်းများ အပါအဝင် ပြည်သူလူထု၏ မနားမနေ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော စာသင်ကျောင်း၊ အစိုးရဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ပြည်သူလူထု၏ မြောက်မြားစွာသောနေအိမ်များ၊ လမ်းတံတားများ စသည်တို့ကို ရာနှုန်းပြည့်နီးပါး အတော်များများကို ပြန်လည်ထူထောင်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အချို့ ကျန်နေသေးသည့် မပြီးပြတ်သေးသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လအနည်းငယ်အတွင်း အောင်မြင်စွာ ပြန်လည်ထူထောင်နိုင်ခြင်းသည် နိုင်ငံတော်၏ ပံ့ပိုးကူညီဆောင်ရွက်မှုများအပြင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်၊ စေတနာရှင်နှင့် ပြည်သူများ၊ ဆရာတော်ကြီးများ၏ အဘက်ဘက်က အားပေးကူညီ ဆောင်ရွက်မှုများကြောင့်ဖြစ်သည့်အတွက် ကူညီခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် နောက်နောင်လည်း ဆက်လက်ကူညီကြမည်ဟု မျှော်လင့်ပါကြောင်း။

အဆောက်အအုံ ပြန်လည်ထူထောင်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ အဆောက်အအုံများနှင့်အတူ ဆုံးရှုံးမှုဒဏ်ခံခဲ့ရသည့် ကျန်ရစ်သူမိသားစုများကိုလည်း လူမှုရေး အကူအညီများအပြင် စိတ်ဓာတ်ရေးရာမြှင့်တင်မှု၊ နှစ်သိမ့်ဆွေးနွေးမှုပါ ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း အခြေအနေအချိန်အခါ ပေးလျှင်ပေးသလို နှစ်သိမ့်ဆွေးနွေးမှုများနှင့်အတူ စိတ်ဓာတ်မြှင့်တင်မှုဆိုင်ရာ ပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

ယခု နောက်ထပ်ကျန်နေသေးသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စေတနာရှင်ပြည်သူများနှင့်အတူ ဆက်လက်ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတက ငလျင်ဒဏ်သင့်ဒေသရှိ ကျာကူနီ-မောဒွေ-တာလေ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းပြုပြင်သွားမည့်အခြေအနေနှင့် ကျာကူနီကျေးရွာမှ ပြည်သူများအား ၎င်းတို့၏ ဆန္ဒအရ နေရာပြောင်းရွှေ့ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့မှ မော်တော်ယာဉ်များဖြင့် တာလေမြို့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ယာယီဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တာလေမြို့ ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သော ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာချီလိတ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောလွင်နှင့် တာလေမြို့ တိုက်နယ်ဆေးရုံမှ ဒေါက်တာကံဦးအောင်တို့က လက်ခံကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဆေးရုံဟောင်း နေရာ၌ ဆေးရုံအဆောက်အအုံသစ် ပြန်လည်တည်ဆောက်နေမှုကို လည်းကောင်း၊ တာလေမြို့ မိုင်းလင်းကျေးရွာအုပ်စုအတွင်းရှိ မအန်ခန်ကျေးရွာနှင့် ဖကန်ကျေးရွာတို့၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် နေအိမ်များ ပြန်လည်တည်ဆောက်နေမှုနှင့် ပြီးစီးမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ ပြည်သူများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မိုင်းလင်းကျေးရွာအုပ်စု လန့်တောင်းကျေးရွာရှိ ဆုတောင်းပြည့် လန့်တောင်းဘုရားသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မိုင်းလင်းကျေးရွာအုပ်စု ဖကန်ကျေးရွာရှိ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်း အစီအစဉ်အရ အိန္ဒိယအစိုးရ၏ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့သော အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မအန်ခန်ကျေးရွာရှိ မအန်ခန်ကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇောတိကအား ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်အတွင်း ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုကာ အားပေးစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာလေမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာပြီး တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိထံ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၊ နောင်တုံကုမ္ပဏီ၊ အောင်ချမ်းသာကုမ္ပဏီနှင့် အေးရှားဝေါလ် ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စုပေါင်း၍ တာချီလိတ်မြို့ ဆန်ဆိုင်း အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်ရန် အတွက် အလှူငွေကျပ်သိန်း ၆၀၀ ကို နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဟဲဟိုးမြို့သို့ ရောက်ရှိပြီး ဟဲဟိုးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ လိုက်ပါလျက် တောင်ကြီးမြို့ စူဠာမဏိလောကချမ်းသာ စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်းရှိ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဦးဆောင်၍ အိုလံပစ်နေ့ အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို စတင်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးရှေ့မှစတင်၍ ကျိုက္ကဆံကွင်းအတွင်း တစ်ပတ်ပတ်၍ စုပေါင်းလမ်းလျှောက်ကြသည်။

စတင်တာလွှတ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၁၅)ကီလိုမီတာ အမျိုးသား၊ အမျိုးသမီး အပြေးပြိုင်ပွဲကို စတင်တာလွှတ်ပေးသည်။

(၁၅)ကီလိုမီတာ အပြေးပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ အမျိုးသမီး အသက်(၁၈)နှစ်အောက်၊ အမျိုးသမီးအသက်(၂၀)အောက်နှင့် အမျိုးသမီးအလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ပါမောက္ခ ဒေါက်တာဒေါ်ခင်မေအုန်း၊ အတွင်းရေးမှူး ဒေါ်အယ်(လ်)ခွန်းရီနှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်တို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများက အမျိုးသားအသက်(၂၀)နှစ်အောက်နှင့် အသက်(၁၈)နှစ်အောက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီ အထွေထွေအတွင်းရေးမှူးက အမျိုးသား အလွတ်တန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ်က ကြီးမှူးသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲကို ကျိုက္ကဆံကွင်း အမှတ်(၁)၌ကျင်းပရာ ပြိုင်ပွဲတွင် အမျိုးသား လေးသင်း၊ အမျိုးသမီးလေးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆု ငွေကျပ်ငါးသောင်း၊ ဒုတိယဆု ငွေကျပ်သုံးသောင်း၊ တတိယဆု ငွေကျပ် နှစ်သောင်းနှင့် စတုတ္ထဆု ငွေကျပ် တစ်သောင်းတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်က ကြီးမှူးသည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကို ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပရာ အမျိုးသား ၊ အမျိုးသမီး Recurve- Compound တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ ကျင်းပပြီး အမျိုးသမီး Recurve တစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အတွင်းရေးမှူးက လည်းကောင်း၊ အမျိုးသမီး Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက လည်းကောင်း၊ အမျိုးသား Recurve တစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက လည်းကောင်း၊ အမျိုးသား Compound တစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲတွင် ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က လည်းကောင်း၊ Recurve Mix Team ပြိုင်ပွဲတွင်ဆုရရှိသူများအား အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လည်းကောင်း၊ Compound Mix Team ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အာရှစံချိန်ချိုးသော ရဲမင်းဆွေအား မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သန့်ရှင်းသောအစိုးရဖြစ်စေရန် တာဝန်များဆောင်ရွက်ရာ၌ တံစိုးလက်ဆောင်တောင်းခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းမပြုရန်နှင့် ကောင်းမွန်သည့်အုပ်ချုပ်မှုဖြစ်ရေးအတွက် မိမိ၏ တာဝန်ဝတ္တရားများကို စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ထမ်းဆောင်

✻ ကျောဖုံးမှ

ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဒုတိယသမ္မတ၏ တာလေမြို့သို့ ၃-၄-၂၀၁၁ ရက်က လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခဲ့မှုအပေါ် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်မှစ၍ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဟူ၍ အသီးသီးပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ထို့အတူပင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဟူ၍ လွှတ်တော်အသီးသီးလည်း ပေါ်ပေါက်လာပြီ ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ သုံးရပ်ပေါ်ပေါက်လာပြီး တစ်ခုကိုတစ်ခု ထိန်းကျောင်းသည့် စနစ်ဖြင့် နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင်၊ တည်ငြိမ်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန် ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့သည် မိမိတို့၏ဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်အဝဝတို့ကို အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့် ရရှိပြီးဖြစ်သည့်အတွက် မိမိတို့၏ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ရမည့် အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ပိုမို၍ ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်နှင့် သက်ဆိုင်သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စအဝဝတို့ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်ဆုံးဖြတ်မှုဖြင့် ဆောင်ရွက်သွားနိုင်သကဲ့သို့ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ပြည်ထောင်စုအစိုးရထံ အသိပေးတင်ပြသွားရန်လည်း လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ရန် ခက်ခဲသောကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အလားတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များသည်လည်း ရှမ်းပြည်နယ်နှင့်သက်ဆိုင်သော လုပ်ငန်းရပ်များဖြစ်ပါက ပြည်နယ်အစိုးရသို့ အချိန်မီ အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း။

အခြေခံဥပဒေပုဒ်မ ၂၅၄ အရ ရှမ်းပြည်နယ်အစိုးရ၏ လိုအပ်သောရန်ပုံငွေကို ဇယား(၅)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အခွန်အခများကို ကောက်ခံပြီး ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေထဲသို့ ပေးသွင်း၍ ယင်းဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ ပြန်လည်ထုတ်ယူသုံးစွဲပိုင်ခွင့်ကိုလည်း ခွင့်ပြုထားပြီးဖြစ်ကြောင်း။

ရေးဆွဲထားသော ရသုံးခန့်မှန်းခြေငွေစာရင်းအရ လိုအပ်သော ရန်ပုံငွေများ ရှိလာပါက ပြည်ထောင်စုရန်ပုံငွေမှ လိုအပ်သလိုဖြည့်ဆည်းပေးခြင်း၊ ထောက်ပံ့ပေးခြင်း၊ ထုတ်ချေးပေးခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဥပဒေပြုရေးအာဏာရယူထားသည့် ရှမ်းပြည်နယ်လွှတ်တော်ကို ကြည့်မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်စာရင်း (၈)ရပ်အောက်မှ ကဏ္ဍ ၁၄ ခုကို ရှမ်းပြည်နယ်လူထု၏အကျိုးစီးပွားအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းပြီး ဥပဒေများကို ပြုပြင်ခြင်း၊ တင်သွင်းခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်လွှတ်တော်၏ ဖွဲ့စည်းပုံအရ ယခုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးရှိနေပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒ သဘောထားဖြင့် ဥပဒေပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူပင် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ ဆိုလျှင်လည်း အခြေခံဥပဒေအရ ခန့်အပ်ပြီးပါက တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ စီရင်ဆောင်ရွက်နိုင်ခွင့်ရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေသန်းပေါင်း ၆၀ နီးပါး၊ ပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်သည့်အားလျော်စွာ ၎င်းတို့၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာပါမှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ အဆိုပါ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူလူထုများ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန်အတွက် "ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း" စီမံချက်ကိုရေးဆွဲပြီး အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရမည့် လုပ်ငန်း(၈)ရပ်သည် ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာရှင်၊ အတတ်ပညာရှင်များအားလုံး စုစည်းပြီး နေပြည်တော်၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ မိမိတို့နိုင်ငံနှင့် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံး ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များဖြစ်သည်ကို တွေ့ရပြီး အကောင်အထည်ဖော်ရန် အလျင်အမြန်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ မိမိတို့နယ်မြေ၊ ဒေသ၊ ရာသီဥတု၊ တောတောင်အခြေအနေ၊ ယဉ်ကျေးမှုနှင့်လိုက်ဖက်မည့် အခြေအနေပေါ်မူတည်၍လည်း ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်သူလူထုအများစု၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည့်အတွက် ယခုဖော်ဆောင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း အစီအမံကို အောင်မြင်နိုင်ရန် ယခုလုပ်ငန်းကို (Top-down)အပေါ်မှ အတင်းအဓမ္မ စေခိုင်းချက်အရ လုပ်သည့်ပုံစံမျိုးမဟုတ်ဘဲ (Bottom-up) ဟုခေါ်သည့် မိမိနှင့် စိတ်တူကိုယ်တူ၊ သဘောထားချင်းတူညီသော ပြည်သူလူထုအများ ပူးပေါင်းဆောင်ရွက်စေပြီး ပြည်နယ်အစိုးရနှင့် ဝန်ကြီးဌာနများက တတ်အားသရွေ့ နည်းပညာနှင့် ငွေကြေးများကို ဥပဒေနှင့်အညီ ဘေးတိုက်အနေဖြင့် ကူညီဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းနှင့် ပတ်သက်၍ ပြောရမည်ဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအားလုံး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်ဝန်ထမ်း နှစ်ဦးနှစ်ဖက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ ဖြစ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းမပါလျှင် လုပ်ငန်းများမအောင်မြင်နိုင်သကဲ့သို့ နိုင်ငံတော်အစိုးရမရှိလျှင်လည်း ဝန်ထမ်းဆိုသည် မရှိနိုင်ကြောင်း၊ ဝန်ထမ်းသည် နိုင်ငံတော်အပေါ်၌ သစ္စာစောင့်သိ ရှိသေရမည်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ ပါတီနိုင်ငံရေးကင်းရှင်းရန် လိုကြောင်း၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေပြီး ဝန်ထမ်းကျင့်ဝတ်ကို ထိန်းသိမ်းလိုက်နာကြရန်နှင့် အဂတိတရားကင်းရှင်းကြရန် လိုအပ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပြီး နိုင်ငံတော်သမ္မတ မိန့်ကြားခဲ့သည့် သန့်ရှင်းသောအစိုးရဖြစ်စေရန်အတွက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာ၌ တမင်နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ပြီးမှ တံစိုးလက်ဆောင်များ တောင်းခံခြင်း၊ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းများ မပြုလုပ်ကြရန်နှင့် ထင်သာမြင်သာဖြစ်သော ကောင်းမွန်သည့် အုပ်ချုပ်မှုဖြစ်ရေးအတွက် မိမိ၏ တာဝန်ဝတ္တရားများကို စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများအနေဖြင့်လည်း မိမိဌာနအတွင်း အခက်အခဲများ၊ မိမိ ကိုယ်ရေးကိုယ်တာ ကိစ္စကြီးငယ်များကို သက်ဆိုင်ရာဌာနအကြီးအကဲမှ တစ်ဆင့်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း တင်ပြနိုင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို အတတ်နိုင်ဆုံးပြေလည်အောင် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးပရဝဏ် သတ်မှတ်နေရာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းလွင်နှင့် ဦးသန့်ရှင်းတို့က ရတနာတန်းဝင်ကျွန်းပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် အရာထမ်း၊ အမှုထမ်းများ၏ ရတနာတန်းဝင် နှစ်ရှည်ပင်များနှင့် နှစ်ရှည်အရိပ်ရပင်များ စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး စသည့် ရတနာတန်းဝင်သစ်ပင် ၉၂၅ ပင်၊ ပိတောက်၊ မဲဇလီ၊ ပန်းမဲဇလီ၊ ငုရွှေဝါ၊ စိန်ပန်းကြီး၊ ကုက္ကိုစသည့် နှစ်ရှည် အရိပ်ရသစ်ပင် ၅၂၅ ပင်နှင့် ကျူးဘားအုန်း ၁၆ ပင် စုစုပေါင်း ၁၄၆၆ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၆)**
- ၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြဇာတ်တစ်ပုဒ်ရဲ့ ဇာတ်သိမ်းခန်း**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၉)**

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ လျှပ်တစ်ပြက်
- ၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၀ ၇။ မြန်မာ့ရှုခင်း
- ၅း၁၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၅ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၂။ ဘဝကြေးမုံ -ချောင်းကူးကြသူများ (သဇင်ထူးနိုင်၊ အကယ်ဒမီ စံရှားတင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၃၅)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ပေါင်မုန့်အချစ်အိပ်မက်လေး ရယ် (အပိုင်း-၁၄)**
- ၂၃။ 2011 FIFA WOMEN' S WORLD CUP (GERMANY) -Germany Vs Canada(Live)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇွန် ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဂွမြို့တွင် ၁၃ ဒသမ ၄၆ လက်မ၊ မောင်တောမြို့တွင် ၇ ဒသမ ၀၉ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၆ ဒသမ ၃၀ လက်မ၊ ဘားအံမြို့တွင် ၅ ဒသမ ၅၉ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ ဇလွန်မြို့တွင် ၄ ဒသမ ၀၉ လက်မ၊ မာန်အောင်မြို့နှင့် ကျိုက်မရောမြို့တို့တွင် ၄ ဒသမ ၀၂ လက်မစီ၊ ပဲခူးမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ကော့ကရိတ်မြို့၊ သထုံမြို့နှင့် မုဒုံမြို့တို့တွင် ၃ ဒသမ ၆၆ လက်မစီနှင့် လှိုင်လင်မြို့တွင် ၃ ဒသမ ၅၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ထူးခြားသည့်အခြေအနေ။ ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင် တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်း "ဟိုင်မား" သည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇွန် ၂၅

ယနေ့ မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ဂွမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၄၂ မီလီမီတာ (၁၃ ဒသမ ၄၆) လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၂၅ နှစ်အတွင်း ဇွန်လအတွက် အများဆုံးတိုင်းထွာရရှိသော ၂၄ နာရီ မိုးရေချိန်စံချိန်သစ် ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၂၇၆ မီလီမီတာ (၁၀ ဒသမ ၈၇) လက်မဖြစ်ပြီး ၁၉၈၆ ခုနှစ် ဇွန် ၂၄ ရက်က ရွာသွန်းခဲ့ခြင်း ဖြစ်သည်။ (မိုး/ဇလ)

အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျိုက္ကဆံအမှတ်(၅) ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး Recurve ရှုံး/ထွက် ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့်က အမျိုးသမီး Compound ရှုံး/ထွက်ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအုန်းမြင့်ဦးက အမျိုးသား Recurve ရှုံး/ထွက်ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်(၁) ဦးနေဘ်အောင်က အမျိုးသား Compound ရှုံး/ထွက်ပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recurve Mix-Team ရှုံး/ထွက်ပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Compound Mix-Team ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် Compound ပြိုင်ပွဲတွင် အာရှစံချိန်ဖြစ်သည့် ၁၄၄ မှတ်ကို ၁၄၆ မှတ်ဖြင့် စံချိန်ချိုးနိုင်ခဲ့သည့် ရဲမင်းဆွေတို့အား ဆုများချီးမြှင့်သည်။

ယခုပြိုင်ပွဲတွင် ဆုရရှိပြီး (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် မျှော်မှန်းနိုင်သည့် ကစားသမားများအား ရွေးချယ်၍ တံခွန်စိုက်မြားပစ်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်သည်။

(ကြေးမုံ)

အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ Recurve Mix-Team ပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အလေးမပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားပထမတန်းဆင့် ၅၆ ကီလိုတန်းပြိုင်ပွဲတွင် မျိုးမြတ်အောင်(လယ်/ဆည်)က ပထမ၊ မင်းမင်း(လယ်/ဆည်)က ဒုတိယရရှိသွားသည်။ အမျိုးသားပထမတန်းဆင့် ၆၂ ကီလိုတန်းပြိုင်ပွဲတွင် စည်သူထွန်း (ရန်ကုန်မြို့တော်စည်ပင်)က ပထမရရှိသွားသည်။

အမျိုးသားပထမတန်းဆင့် ၆၂ ကီလို အထက်ပြိုင်ပွဲတွင် ကျော်မိုးဝင်း(လယ်/ဆည်)က ပထမ၊ ကျော်ထွန်းအောင်[အမှတ်(၁)စက်မှု]က ဒုတိယ၊ စုစုပေါင်းစံချိန် ၂၅၄ ကီလိုဖြင့် စသန်းထိုက်ဝင်း[ကာကွယ်ရေး(က)အသင်း]က တတိယရရှိသွားသည်။

အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုကို ပထမတန်းဆင့် ၅၃ ကီလိုတန်းမှ အေးသန္တာလွင်[အမှတ်(၁)စက်မှု]နှင့် အမျိုးသား အကောင်းဆုံးအားကစားသမားဆုကို ပထမတန်းဆင့် ၇၇ ကီလိုတန်းမှ ကျော်မိုးဝင်း(လယ်/ဆည်)တို့က ရရှိသွားသည်။

ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် တံခွန်စိုက်ဆုကိုရရှိသွားပြီး အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဆုကို ဆွတ်ခူးသွားရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ဘိလိယက်နှင့် စနူကာဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်

ပြင်ဦးလွင် ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး(ဖလား) ပဥ္စမအကြိမ် တစ်နိုင်ငံလုံး အလွတ်တန်း ဘိလိယက်နှင့် စနူကာဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၃ ရက်တွင် ပုလဲခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်ပွဲကျင်းပရာတွင် အလွတ်တန်းစနူကာတံခွန်စိုက် ပထမဆု ပရားကေ(မော်လမြိုင်)၊ ဒုတိယဆု ဝင်းခိုင်(ရန်ကုန်)၊ တတိယဆု မြန်မာ့လက်ရွေးစင် ကိုထက် (ရန်ကုန်)၊ စတုတ္ထဆု မြန်မာ့လက်ရွေးစင် ဇော်ထွန်း(ရန်ကုန်)၊ အလွတ်တန်းဘိလိယက် ပထမဆု ကျော်ဝင်းလှိုင်(ပြင်ဦးလွင်)၊ ဒုတိယဆု စိုးကြီး(မန္တလေး)၊ တတိယဆု မြန်မာ့လက်ရွေးစင် ဝင်းကိုကို(ရန်ကုန်)၊ စတုတ္ထဆု မြန်မာ့လက်ရွေးစင်ဟောင်း သန်းနိုင်(ပြင်ဦးလွင်)နှင့် အငယ်တန်း စနူကာ ပထမဆု လှဒင်(တည်ပွားကြီးကလပ်)၊ ဒုတိယဆု စလိုင်း(Hotel ပြင်ဦးလွင်)၊ တတိယဆု သန်းဦး(ဆောင်းနှင်းသစ်ကလပ်)၊စတုတ္ထဆု ချမ်းငြိမ်း(ဆောင်းနှင်းသစ်ကလပ်)တို့မှ အသီးသီးရရှိကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

(၅၈၁)

အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူငယ်ဟော်ကီပြိုင်ပွဲကို ဇွန် ၂၄ ရက်နှင့် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲသို့ ၂၀၁၁ ခုနှစ် နွေရာသီအခြေခံဟော်ကီသင်တန်းသို့ တက်ရောက်ခဲ့သည့် မြောက်ဥက္ကလာပ၊ မင်္ဂလာတောင်ညွန့်၊ လှည်းကူးနှင့် သာကေတမြို့နယ်များရှိ ကျောင်းများမှ ကျောင်းသားလူငယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် အသင်းလေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြရာ လှည်းကူးမြို့နယ်အသင်းက ပထမ၊ သာကေတမြို့နယ်အသင်းက ဒုတိယအသီးသီး ရရှိသွားပြီး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးထင်ဇော်ဝင်း**(အပေါ်ယာပုံ)**၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ဦးခင်မောင်လတ်နှင့် အဖွဲ့ချုပ်အမှုဆောင်များက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(၁၉)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၄၁)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၉ ရက် (စနေနေ့) နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် (ရဲမွန် ဂေါက်ကွင်း)၌ ကျင်းပမည်ဖြစ်၍ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၀၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ရီကာဒိုအယ်လ်ဗာရက်ဇ် အာဆင်နယ်သို့ မကြာမီရောက်တော့မည်ဟုဆို

လန်ဒန် ဇွန် ၂၅

အာဆင်နယ်အသင်းသည် ဗီးလက်ဇ်အသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား ရီကာဒိုအယ်လ်ဗာရက်ဇ် **(ဝဲပုံ)**ကို မကြာမီ အမ်းမရိတ်အရောက် ခေါ်ယူနိုင်တော့မည်ဟုဆိုသည်။

အာဆင်နယ်အသင်းသည် အသက်(၂၃)နှစ်ရှိ ရီကာဒိုအယ်လ်ဗာရက်ဇ်ကို ပေါင် ၁၁ သန်းပေး၍ ခေါ်ယူမည်ဟုသိရသည်။ ရီကာဒိုအယ်လ်ဗာရက်ဇ်သည် ကွင်းလယ်၌ သာမက နေရာစုံထောင့်စုံတွင် ကစားနိုင်သူဖြစ်သည်။ ၎င်းကို အာဆင်နယ်အသင်းအပြင် အင်တာမီလန်၊ ရိုးမား၊ ရှော်ကေး၊ မာလာဂါနှင့် ဆီဗီလာတို့ကပါ ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။ *The Sun*။

အိမ်ရှင်ဂျာမနီ၏ အဓိကပြိုင်ဘက် ဘရာဇီးဖြစ်လာနိုင်

ဘာလင် ဇွန် ၂၅

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိမ်ရှင်ဂျာမနီအသင်း၏ အဓိကပြိုင်ဘက်အသင်းမှာ ခြေစွမ်းထက်ကစားသမားမြောက်မြားစွာရှိနေသည့် ဘရာဇီးအသင်းပင်ဖြစ်လာနိုင်ပေသည်။

ဘရာဇီးအသင်းသည် ဩစတြေးလျ၊ နော်ဝေ၊ အီကွေတိုရီယယ်ဂီနီယာတို့နှင့် အုပ်စု(D)တွင် ပါဝင်နေ၍ နောက်တစ်ဆင့်တက်ရန် အလားအလာ အကောင်းဆုံးဖြစ်သည်။ ဘရာဇီးအသင်း၏တိုက်စစ်ကို ကမ္ဘာ့အကောင်းဆုံးအမျိုးသမီး ဘောလုံးကစားသမားဆုရဖူးသည့် မာတာ(၂၅)နှစ်က ဦးဆောင်လာမည်ဖြစ်သည်။ မာတာ**(ဝဲပုံ)**၏ အလိမ်အခေါက်၊ အတို့အဆိတ်နှင့် ဂိုးသွင်းစွမ်းရည်တို့မှာ အမျိုးသားကစားသမားများပင် သြချရလောက်အောင် ပြောင်မြောက်လှသည်။ ထို့ပြင် တောင်ပံတိုက်စစ်မှူး ခရစ္စတိန်း၏ ဖြတ်တင်ဘောများနှင့် ဖန်တီးပေးမှုများက တစ်ဖက်နောက်တန်းကို အခက်တွေ့အောင်လုပ်နိုင်စွမ်းရှိသည်။ ယင်းအပြင် ဘရာဇီးအသင်းတွင် ဖရန်စီလီ၊ ဘီထရစ်ဇ်၊ ဖော်မီဂါ၊ အက်စတာနှင့် ရီနာတာကော့စ်တို့ ရှိနေခြင်းကြောင့် ဘရာဇီးအသင်းကို ဖြိုနိုင်သည့်အသင်းမှာ ခပ်ရှားရှားဟုဆိုရမည်ဖြစ်သည်။ သို့အတွက်ကြောင့် ဘရာဇီးအသင်းသည် ချန်ပီယံဖြစ်နိုင်ခြေရှိသည့် အသင်းထဲတွင် တစ်သင်းအပါအဝင်ဖြစ်သည်။ **ESPN**။

ဟန်သစ်

ဇွန် ၂၁ ရက်က ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် လျှပ်စစ်မီးလင်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်သူများ စုပေါင်း၍ ရပ်ကွက်အတွင်း လျှပ်စစ်ဓာတ်တိုင်များ တိုးချဲ့စိုက်ထူခြင်း၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထရန်စဖော်မာ 500 KVမှ လျှပ်စစ်မီးလိုင်းများကို မိုးရာသီတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြစဉ်။ (ကြေးမုံ)

မြဝတီခရိုင် မြဝတီမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက်က မဟာစည်ရိပ်သာအနီး ရေဝေရေလဲစိုက်ခင်းပျက်အတွင်း လမ်းမကြီးဘေး ဝဲ၊ ယာတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး ရတနာတန်းဝင်ကျွန်းပင်များအား စိုက်ပျိုးပေးစဉ်။ (၅၇၀)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း" စီမံချက် ရေးဆွဲအကောင်အထည်ဖော်နေ အကောင်အထည်ဖော်ရမည့်လုပ်ငန်း(၈)ရပ်သည် မိမိနိုင်ငံနှင့် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံး ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ် မိမိတို့နယ်မြေ၊ ရာသီဥတု၊ တောတောင်၊ ယဉ်ကျေးမှုနှင့် လိုက်ဖက်မည့်အခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော်

နေပြည်တော် ဇွန် ၂၅

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇွန် ၂၄ ရက် ည ၇ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက ဒေသဆိုင်ရာအချက်အလက်များ၊ ပြည်နယ်အတွင်း ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကြီးမြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။(အပေါ်ပုံ) (သတင်းစဉ်)